# Minutes of Myanmar Language Information Management Network Meeting
*27th Sep 2023, 2PM MMT, online via Zoom*

## Agenda

1. Initial Findings from MIMU 5W August 2023 Round (*MIMU*)
2. အစုအဖွဲ့ / ကဏ္ဍ / အေဂျင်စီ အလိုက် လုပ်ဆောင်မှုများ
3. အထွေထွေဆွေးနွေးမှုများနှင့် အခြားဆွေးနွေးမှုများ

## Attendance

Chair: Zin Min Tun (MIMU)

Participants: AHRN-Myanmar, AAR, BS, DRC, ICAP, JOICFP, KMSS, Malteser, MC, MEDG, MIMU, MRCS, Nyein, PUI, SWISSAID, UNICEF, UNFPA, UNODC, WVM (24 participants from 19 organisations)

## 1. Initial Findings from MIMU 5W August 2023 *(MIMU)*

ဦးစွာ MIMU 5W အကြောင်း ရှင်းပြပါသည်။ MIMU မှ မည်သည့်အဖွဲ့အစည်းများက မည့်သည့်နေရာ၊ မည်သည့်အချိန်တွင် မည်သူတွေအတွက် မည်သည့်လှုပ်ရှားမှုများလုပ်သည်ဆိုသော 5W အချက်အလက်များ ကောက်ယူ ပြီး အခြားအဖွဲ့အစည်းများသို့ ပြန်လည်မျှဝေပေးပါသည်။ Regular 5W နှင့် Emergency 5W ဟု ၂မျိုးရှိပါသည်။ Regular 5W ကို ၆လ တစ်ကြိမ်၊ ၁နှစ်တွင် ၂ကြိမ်ကောက်ယူပါသည်။ ဒီနှစ်အတွက် နောက်ဆုံးကောက်ယူမှုသည် ပြီးခဲ့သည့် သြဂုတ်လတွင် ကောက်ယူခဲ့ပါသည်။ Dataset အဆင်သင့်ဖြစ်ပြီး static map နှင့် dashboard များ လုပ်ဆောင်ဆဲ ဖြစ်ပါသည်။ အချို့ dashboardများ websiteတွင် တင်ပြီးသားဖြစ်ပါသည်။ Emergency 5W ကို တစ်ခါတစ်ရံ အရေးတကြီးလိုအပ်ချိန်တွင် ကောက်ယူပါသည်။ မိုခါမုန်တိုင်းအပြီးတွင် Emergency 5W တစ်ကြိမ်ကောက်ယူခဲ့ပါသည်။ MIMU 5W ကောက်ယူရာတွင် ပါဝင်သော အစိတ်အပိုင်း ၅ ပိုင်း (Who What Where , When , For Whom) အကြောင်းရှင်းပြပြီး ၎င်းတို့ဖြင့် ကောက်ယူပုံကို အသေးစိတ် ရှင်းလင်းပြောပြပါသည်။

ဆက်လက်ပြီး MIMU 5W တွင် ပါဝင်သော Sectors ၂၂ နှင့် Sub-sectors ၁၅၂ ခု ပါဝင်ကြောင်း ပြောပြပါသည်။ ယခင် section များတွင် Sub-sectors ပေါင်း ၁၅၇ခု ရှိပြီး ယခုအပတ်စဉ် မကောက်ယူမီ Nutrition Sector Coordinator များနှင့်  MIMU တို့ဆွေးနွေးခဲ့ပြီး Data သွင်းရာတွင် အဆင်ပြေစေရန်  Nutrition Sector Cluster မှ ကောက်ယူသော Sub-sectors များနှင့် MIMU မှာ ကောက်ယူသော Sub-sectors တူညီအောင်ညှိခဲ့ကြပါသည်။ MIMU တွင် အသုံးပြုသော Sectors/Sub-sectors များသည် သက်ဆိုင်ရာ Sector Cluster များ မှ technical expert များနှင့် ဆွေးနွေးပြီး develop လုပ်ထားပါသည်။

ဆက်လက်ပြီး MIMU ကို သြဂုတ် ၂၀၂၀ မှ သြဂုတ် ၂၀၂၃အထိ 5W Data ပေးသော အဖွဲ့အစည်းအရေအတွက်ကို Stacked bar chart ဖြင့်ပြသပြီး အသေးစိတ်ရှင်းပြခဲ့ပါသည်။ အခုနောက်ဆုံး အပတ်စဉ်တွင် ၁၉၃ ဖွဲ့မှသာ 5W Data ကိုမျှဝေခဲ့ပါသည်။

ထို့နောက် 5W Data Protection နှင့် ပတ်သတ်ပြီး ရှင်းလင်းပြသခဲ့ပါသည်။ ၂၀၂၁ နောက်ပိုင်း အဖွဲ့အစည်းအမည်များ ပါဝင်သော 5W Data များကို public သို့ မမျှဝေတော့ပဲ 5W ပေးသော အဖွဲ့အစည်း၊ donor ၊ inter-agency coordination group များကိုသာ မျှဝေပါသည်။ MIMU 5W data entry တွင် Restricted ဖြင့် ပေးထားပါက ထို အဖွဲ့အစည်းမှပေးပို့သော 5W အချက်အလက်များကို 5W ပေးသော အဖွဲ့အစည်း၊ donor ၊ inter-agency coordination group များ သို့ပင် မမျှဝေပါ။ ထို့နောက် ဩဂုတ် ၂၀၂၀ တွင် ဒေတာ၏ ၁.၅% မျှသာ Restricted ဖြစ်ခဲ့ပြီး ဩဂုတ် ၂၀၂၃ တွင် ရရှိထားသော ဒေတာ၏ ၅၁% မှာ Restricted ဖြစ်ကြောင်း ရှင်းပြခဲ့ပါသည်။ ၁၉၃ ဖွဲ့မှ ပေးပို့လာသော 5W အချက်အလက်အားလုံးကို ထင်ဟပ်စေသည့် အချက်အလက်အနှစ်ချုပ်ကို 5W dashboards များမှ ရယူနိုင်မည်ဖြစ်ပါသည်။

ဆက်လက်ပြီး ဩဂုတ် ၂၀၂၀ မှ ဩဂုတ် ၂၀၂၃ အထိ နေရာဒေသအလိုက် Activities အရေအတွက်များကို ဆက်လက်ရှင်းပြခဲ့ပြီး ဩဂုတ် ၂၀၂၃ ပြီးစီး (complete)သွားသော activities များသည် ယခင်အပတ်စဉ်များထက် ပိုမိုများလာသည်ကို တွေ့ရကြောင်းပြောပြပါသည်။

ထို့နောက် ၂၀၂၁ 5W အပတ်စဉ်တွင် 5W ပေးပို့သောအေဂျင်စီများ လျော့နည်းသွားမှုအခြေအနေ၊ ၂၀၂၂/၂၀၂၃ တွင် ၂၀၂၁ ထက် 5W ပေးပို့သော အေဂျင်စီများ၊ activities များ တိုးလာသော အခြေအနေများကို နှိုင်းယှဉ်ရှင်းပြခဲ့ပါသည်။ ထို့နောက် ၂၀၂၀ မှ ၂၀၂၃ အထိ Ongoing activities များ၏ Project focus ရာခိုင်နှုန်းများကို chart ဖြင့် နှိုင်းယှဉ် ရှင်းပြခဲ့ပြီး ၂၀၂၃ခုနှစ် ဩဂုတ်လအတွက် Project focus များကို Non-displaced Populations နှင့် Displaced Populations and Host Communities နှစ်ပိုင်းခွဲပြီး မြေပုံများ၊ chart များ ဖြင့် ရှင်းပြခဲ့ပါသည်။ Report လုပ်သော organization အရေအတွက် ကို sector အလိုက်၊ ကာလအလိုက်ဖြင့် Reported activities များကို chartပုံစံ ဖြင့် ဖော်ပြ ရှင်းလင်းခဲ့ပါသည်။

ဆက်လက်ပြီး MIMU 5W ထုတ်ကုန်များ ဖြစ်သော 5W ဒက်ရှ်ဘုတ်များ, 5W မြေပုံများ၊ ဇယားများ၊ 5W Trends Report များကို ထုတ်လုပ်ပြီး MIMU website တွင်တင်ထားပါသည်။ ၂၀၂၂ တွင် MIMU 5W ထုတ်ကုန်များကို ကြည့်ရှု/ဒေါင်းလုတ် လုပ်ခဲ့မှု ၃၁,၀၀၀ ရှိခဲ့ပါသည်။

5W data များကောက်ယူပြီး ထုတ်ကုန်များ ထုတ်လုပ်ထားပြီး clusters များနှင့်အတူ ဆက်လုပ်လုပ်ဆောင်ရန်များအနေဖြင့် ဒေတာတောင်းဆိုမှုများရှိပါက 5W Data များကို မျှဝေပေးမည်။ IMO များနှင့် discuss လုပ်ပြီး ၎င်းတို့အမြင်၊ suggestion ပေါ်မူတည်ပြီး 5W ကို ပိုမိုအသုံးဝင်သော Product အသစ်များ ထုတ်ပေးနိုင်မည်။ အခြားသော Cluster 5Ws များ၏ sub-sectors နှင့် MIMU 5Ws မှ sub-sectors များ တူစေရန် ဆွေးနွေးပွဲများ ပြုလုပ်ညှိနိူင်းမည်။ data ကောက်ယူသော အချိန်ကိုလဲ အခြား sector cluster များနဲ့ ညှိနိူင်းမည်။ သက်ဆိုင်ရာ sector cluster များနဲ့ မီတင်များပြုလုပ်ပြီး data များ အပြန်အလှန်မျှဝေကြပြီး MIMU websiteမှ ပြန်လည်မျှဝေပေးမည် ဖြစ်ပါသည်။

MMIU 5W - https://themimu.info/5w-maps-and-reports

## 2. အစုအဖွဲ့ / ကဏ္ဍ / အေဂျင်စီ အလိုက် လုပ်ဆောင်မှုများ

**MIMU။** ယခု အပတ်စဉ်အတွက် MIMU 5W ထုတ်ကုန် များ ဆက်လက် ထုတ်သွားပါမည်။ MIMU မှ Viber Channel ကို MIMU Community နာမည်ဖြင့် စတင်လွှင့်ထူထားပြီး မြန်မာနိုင်ငံနှင့် သက်ဆိုင်သော Publications များ၊ MIMU မှ Job Vacancies များ၊ MIMU သင်တန်း ဗီဒီယိုအတိုများကို အဓိကထားပြီး မျှဝေပေးပါမည်။ နောက်ဆုံးတင်ခဲ့သော Job position များ၊ ယနေ့ deadline ဖြစ်သော position များကို ခွဲထုတ်စုစည်းပြီး နေ့စဉ်

မျှဝေပေးပါမည်။ မြန်မာနိုင်ငံနှင့် သက်ဆိုင်သော publications များကိုလဲ စုစည်းပြီး Viber Channel မှ အပတ်စဉ် မျှဝေပေးမည် ဖြစ်သည်။ သိပ်မကြာသေးခင်က MIMU Bulletin - ဩဂုတ် ၂၀၂၃ - အင်္ဂလိပ်/မြန်မာ ဗားရှင်းများ ထွက်ရှိထားပြီး ဒီဇင်ဘာ ၂၀၂၂ မှ ဇွန် ၂၀၂၃ အထိ MIMU ၏ Update များကို လေ့လာကြည့်ရှုရနိုင်ပါသည်။ သင်တန်းများအနေဖြင့် Basic Mapping Training ကို အောက်တိုဘာ ၁၉-၂၀ တွင် မွန်ပြည်နယ်အတွက် ပြုလုပ်ရန်ရှိပြီး Power BI Training ကို ၂၄ မှ ၂၇ အောက်တိုဘာအထိ ၄ ရက် training ပြုလုပ်ရန် ရှိပါသည်။
MIMU Community on Viber - https://bit.ly/MIMUViber

**JOICFP ။** ဩဂုတ်လကုန်တွင် ဝါးခယ်မ၊ အိမ်မဲ တွင် Project End အနေဖြင့် လုပ်ခဲ့ပြီး Evaluation Assessment လုပ်ထားပါတယ်။ Project ရဲ့Achievement များနှင့် Outcomeများ၊ လုပ်ထားတဲ့ ရလဒ်များကို အောက်တိုဘာလတွင် ဧရာဝတီတိုင်း ပုသိမ်မြို့တွင် သွားရောက်လုပ်ဖို့ စီစဉ်ထားပါသည်။

**WVM ။** MMIU 5W အချိန်မှီပို့သည်။ Training နဲ့ ပတ်သတ်ပြီး MIMU မှ Power BI training ကို အဖွဲ့အနေဖြင့် ၁ ကြိမ်ရရှိထားပြီး တက်ရောက်ရန် ကြိုးပမ်းနေကြပါသည်။ နောက်တစ်ကြိမ်အစည်းအဝေးတွင် Livelihood အပိုင်းမှ Saving for transformation နှင့် ပတ်သတ်သော WVM မှ သုံးနေသော model ၁ ခုကို ရှင်းပြပေးဖို့ စီစဉ်ထားပါသည်။

## 3. အထွေထွေ ဆွေးနွေးမှုများ နှင့် အခြား ဆွေးနွေးမှုများ

နောက်တွေ့ဆုံမှုကို နိုဝင်ဘာလ နောက်ဆုံးအပတ် ၂၉ ရက်နေ့တွင် လုပ်ပါမည်။ IM Product နဲ့ ပတ်သတ်ပြီး Present လုပ်လိုပါက ei.ei.thein@undp.org ကို ဆက်သွယ်နိုင်ပါသည်။